## Fifth Sunday of Lent

**1st READING: Ezekiel 37: 12-14**

**ယေဇကျေလအနာဂတ္တိကျမ်း** ၃၇း၁၂-၁၄

သို့ဖြစ်၍၊ ပရောဖက်ပြုလျှင် အရှင်ထာဝရဘုရား၏ အမိန့်တော်ကို သူတို့အား ဆင့်ဆိုရမည်မှာ၊အချင်းငါ၏လူတို့ သင်တို့သင်္ချိုင်းတွင်းများကို ငါဖွင့်၍ သင့်တို့ကို ထုတ်ပြီးလျှင်ဣသရေလပြည်သို့ပို့ ဆောင်မည်။ အချင်းငါ၏လူတို့၊ သင်တို့သင်္ချိုင်းတွင်းများကိုငါဖွင့်၍သင်တို့ကိုထုတ်ပြီး လျှင်၊ အသက် ရှင်စေခြင်းငှါငါသည်ကိုယ် အသက်ကို သွင်းပေး၍၊ သင်တို့ကို နေရင်းပြည်၌ နေရာချသောအခါ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့ သိရကြလိမ့်မည်။ ငါထာဝရဘုရား ပြောသည်အတိုင်း ပြည့်စုံကြောင်းကိုလည်း သိရကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။

## Responsorial Psalm  Psalm  130:1-2, 3-4, 5-6, 7-8

ဆာလံကျမ်း     ၁၃၀း ၁–၂၊ ၃–၄၊ ၅–၆၊ ၇–၈

၁–၂။ အိုထာ၀ရဘုရား၊ နက်ရှိုင်းသောအရပ်မှတပည့်တော်သည်ကိုယ်တော်ကိုခေါ်တပါ၏။ အိုထာ၀ရဘုရားတပည့်တော်၏အသံကိုနားညောင်းတော်မူပါ။တပည့်တော်၏တောင်းလျှောက်သံကိုကိုယ်တော်နားစွင့်တော်မူပါ။

၃–၄။ အိုသခင်၊ကိုယ်တော်သာအပြစ်များကိုရေးမှတ်ထားတော်မူပါလျှင်မည်သူခံနိုင်ပါမည်နည်း။သို့ရာတွင်ကိုယ်တော်သည်အပြစ်များကိုခွင့်လွှတ်တော်မူသောကြောင့်ကိုယ်တော့်ကိုကြောက်ရွံ့ရိုသေကြပါ၏။

၅–၆။ တပည့်တော်၏၀ိညာဉ်သည်ကိုယ်တော့်ကိုစောင့်မျှော်နေပါ၏။တပည့်တော်သည်ကိုယ်တော်၏နှုတ်ကပတ်တော်၌မျှော်လင့်တောင့်တပါ၏။ ကင်းစောင့်သောသူတို့သည်နံနက်ချိန်ကိုစောင့်ငံ့မျှော်လင့်သည်ထက်တပည့်တော်၏၀ိညာဉ်သည်ကိုယ်တော့်ကိုစောင့်ငံ့မျှော်လင့်ပါ၏။အိုအစ္စရေးလ်လူမျိုး၊ထာ၀ရဘုရား၌မျှော်လင့်ကိုးစားပါလော့။

၇–၈။ အကြောင်းမူကား၊ ကိုယ်တော်၏သနားကရုဏာတော်သည်တည်တံ့ခိုင်မြဲ၍ကိုယ်တော်သည်ရွေးနုတ်ကယ်တင်လိုသောရွှေစိတ်တော်အပြည့်အ၀ရှိတော်မူ၏။ ကိုယ်တော်သည် အစ္စရေးလ်လူမျိုးကိုသူတို့၏အပြစ်မကောင်းမှုအပေါင်းမှရွေးနှုတ်ကယ်တင်တော်မူလိမ့်မည်။

## 2nd READING: Romans 8: 8-11

ရောမသြဝါဒစာ ၈း ၈–၁၁

မိမိတို့သွေးသားအလိုစိတ်အလိုအတိုင်းပြုကျင့်သောသူတို့သည်ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်ကြ။ သို့ရာတွင်ဘုရားသခင်၏ဝိညာဉ်တော်သည်သင်တို့၌အမှန်ပင်ကျိန်းဝပ်တော်မူသောကြောင့်သင်တို့သည် သွေးသားအလိုဘက်၌ရှိကြသည်မဟုတ်။ ခရစ်တော်၏ဝိညာဉ်ကိုမပိုင်ဆိုင်သောသူသည်ခရစ်တော်နှင့်မ သက်ဆိုင်။ သို့ရာတွင်ခရစ်တော်သည်သင်တို့အထဲ၌ကျိန်းဝပ်တော်မူလျှင်ကိုယ်ကာယသည်အပြစ်ကြောင့် သေရမည်ဖြစ်သော်လည်းဝိညာဉ်မူကားဖြောင့်မတ်ခြင်းကြောင့်အသက်ရှင်လျက်ရှိ၏။ ထို့ပြင်သခင်ယေရှု ခရစ်တော်ကိုသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူသောဘုရားသခင်၏ဝိညာဉ်တော်သည်သင်တို့၌ကျိန်း ဝပ်တော်မူလျှင်ခရစ်တော်ကိုသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူသောဘုရားသခင်သည်သင်တို့၌ကျိန်း ဝပ်တော်မူသောထိုဝိညာဉ်တော်အားဖြင့်သင်တို့၏သေတတ်သောကိုယ်ခန္ဓာကိုလည်းအသက်ရှင်စေတော်မူ လိမ့်မည်။

## GOSPEL: John 11: 1-45 or 11: 3-7, 17, 20-27, 33b-45

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၁း ၁–၄၅

မာရိယာနှင့်မာသတို့ညီအစ်မဖြစ်သူတို့နေထိုင်လျက်ရှိသောဗက်သနီကျေးရွာတွင်လာဇရုအမည်ရှိသောသူသည်ဖျားနာလျှက်ရှိ၏။မာရိယစသည်ကားကိုယ်တော်ကိုဆီမွှေးဖြင့်သွန်းလောင်းခဲ့၍ခြေတော်များကိုမိမိဆံပင်ဖြင့်ခြောက်သွေ့စေခဲ့သူဖြစ်ပြီးဖျားနာသောသူလာဇရုသည်သူမ၏မောင်ဖြစ်၏။ ထို့ကြောင့်အစ်မများကသခင်၊ ကိုယ်တော်ချစ်တော်မူသောသူဖျားနာလျက်နေပါသည်ဟူ၍သခင်ယေဇူးထံသတင်းပေးပို့ကြ၏။ သို့သော်ဤအကြောင်းကိုသခင်ယေဇူးကြားတော်မူသောအခါ၊ကိုယ်တော်ကဤဖျားနာခြင်းသည်သေခြင်းအတွက်မဟုတ်၊ဘုရားသခင်၏ဘုန်းဂုဏ်တော်ထွန်းတောက်စေရန်အတွက်ဖြစ်သည်ဟုမိန့်တော်မူ၏။ သ ခင်ယေဇူးသည်မာသနှင့်သူမ၏ညီမကိုလည်းကောင်း၊လာဇရုကိုလည်းကောင်းချစ်တော်မူ၏။ သို့သော်လာဇရုဖျားနာနေကြောင်းကိုကိုယ်တော်ကြားတော်မူလျှင်မိမိရောက်ရှိနေသည့်အရပ်တွင်နှစ်ရက်ကြာဆက်လက်သီတင်းသုံးတော်မူ၏။ထို့နောက်မှကိုယ်တော်ကဂျူဒေယနယ်သို့တဖန်သွားကြစို့ဟုတပည့်တော်တို့အားမိန့်တော်မူ၏။တပည့်တော်တို့ကရာဘီ၊ဂျူးလူမျိုးတို့သည်ကိုယ်တော်ကိုခဲနှင့်ပစ်ပေါက်ရန်ကြိုးစားနေကြပါလျက်နှင့်ကိုယ်တော်သည်ထိုအရပ်သို့တဖန်ကြွတော်မူမည်လောဟုကိုယ်တော်အားလျှောက်ထားကြ၏။သခင်ယေဇူးကတစ်နေ့လျှင်တစ်ဆယ့်နှစ်နာရီရှိသည်မဟုတ်လော၊တစ်စုံတစ်ယောက်သောသူသည်နေ့အချိန်၌သွားလာပါလျှင် လောက၏အလင်းကိုမြင်ရသောကြောင့်ခလုတ်မတိုက်မိချေ။သို့သော်သူသည်ညအချိန်၌သွားလာပါလျှင်အလင်းသည်ထိုသူနှင့်အတူမရှိသောကြောင့်ခလုတ်တိုက်မိတတ်၏ဟုမိန့်တော်မူ၏။ ထိုသို့မိန့်တော်မူပြီး နောက်ကိုယ်တော်ကငါတို့မိတ်ဆွေလာဇရုသည်အိပ်ပျော်လေပြီ။ငါသည်သူ့ကိုနိုးရန်သွားမည်ဟုသူတို့အားမိန့်တော်မူ၏။တပည့်တော်တို့ကလည်းသခင်သူသည်အိပ်ပျော်လျှင်ပြန်လည်ကျန်းမာလာပါလိမ့်မည်ဟုလျှောက်ကြ၏။သခင်ယေဇူးသည်လာဇရု၏သေခြင်းကိုရည်ညွှန်း၍မိန့်တော်မူခဲ့သော်လည်းတပည့် တော်တို့မှာမူအိပ်စက်အနားယူခြင်းကိုကိုယ်တော်ရည်ညွှန်းသည်ဟုထင်မှတ်ခဲ့ကြ၏။ ထို့နောက်သခင် ယေဇူးကအတိအလင်းမိန့်တော်မူသည်မှာ၊လာဇရုသေလေပြီ။ ထိုအရပ်၌ငါမရှိခဲ့ခြင်းမှာသင်တို့ယုံကြည်လာစေရန်ဖြစ်၍သင်တို့အတွက်ငါဝမ်းမြောက်ပါ၏။သူ့ထံသို့သွားကြကုန်စို့ဟုမြွက်တော်မူ၏။ အမွှာညီနောင်ဟုအခိပ္ပါယ်ရသည့်ဒီးဒီမုအမည်ရှိသူ သောမတ်ကကိုယ်တော်နှင့်အတူအသေခံရန်ငါတို့လည်းသွား ကြစို့ဟုမိမိအဖေါ်တပည့်တော်များအားဆိုလေ၏။

သခင်ယေဇူး ကြွလာတော်မူသောအခါလာဇရုသည်သင်္ချိုင်းတွင်း၌လေးရက်တိုင်ရှိနေပြီးဖြစ်ကြောင်းကိုယ်တော်တွေ့ရှိတော်မူ၏။ဗက်သနီရွာသည်ဂျေရုဆလင်မြို့အနီးနှစ်မိုင်ခန့်အကွာတွင်ရှိသည်ဖြစ်၍ဂျူးလူမျိုးအမြောက်အများတို့သည်မာသနှင့်မာရိယာတို့ကိုသူမတို့၏မောင်အတွက်အားပေးနှစ်သိမ့်ရန်လာကြ၏။သခင်ယေဇူးကြွလာတော်မူကြောင်းကိုမာသကြားလျှင်ကိုယ်တော်အားကြိုဆိုရန်ထွက်သွားလေ၏။မာရိယာမူကားအိမ်တွင်ထိုင်လျက်နေခဲ့၏။ မာသကသခင်ယေဇူးအား၊သခင်ဘုရား၊ဤနေရာမှာကိုယ်တော်ရှိခဲ့ပါလျှင်တပည့်တော်မ၏မောင်သည်သေလိမ့်မည်မဟုတ်ပါ။ သို့ရာတွင်ယခုပင်လျှင်ဘုရားသခင်ထံတော်၌ကိုယ်တော်တောင်းသမျှကိုဘုရားသခင်ပေးတော်မူမည့်အကြောင်းတပည့်တော်မသိပါသည်လျှောက်ထားလေ၏။ သခင်ယေဇူးကသင်၏မောင်သည်ပြန်ရှင်လိမ့်မည်ဟုသူမအားမိန့်တော်မူ၏။မာသကနောက်ဆုံးသောနေ့ရက်၌ရှင်ပြန်ထမြောက်ကြသောအခါသူသည်လည်းရှင်ပြန်ထမြောက်လိမ့်မည်ကိုတပည့်တော်

မသိပါ၏ဟုကိုယ်တော်အားလျှောက်၏။သခင်ယေရှုကလည်း သူမအား မိန့်တော်မူသည်မှာ ငါသည်ရှင်ပြန်ထမြောက်ခြင်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည်သေပြီးသော်လည်းအသက်ရှင်လိမ့်မည်။ အသက်ရှင်၍ငါ့ကိုယုံကြည်သူတိုင်းသည်လည်းမည်သည့်အခါမျှသေလိမ့်မည်မဟုတ်၊ ဤအချက်ကိုသင်ယုံကြည်သလောဟုမေးတော်မူ၏။ သူမကမှန်ပါ၏သခင်ဘုရား၊ကိုယ်တော်သည်ဘုရား၏သားတော် ဤလောကသို့ကြွလာတော်မူသောအရှင်၊ဃရစ်တော်သခင်ဖြစ်တော်မူကြောင်းကိုတပည့်တော်မယုံကြည်ပါ၏ဟုဖြေကြားလေ၏။

ဤသို့လျှောက်ထားပြီးသည့်နောက်သူမသည်သွား၍မိမိညီမမာရိယာကိုခေါ်လျှက်ဆရာသခင်သည်ဤနေရာ၌ရောက်နေလေပြီ။ သင့်ကိုခေါ်တော်မူသည်ဟုတိတ်တဆိတ်ပြောဆိုလေ၏။ မာရိယာသည်ထို စကားကိုကြားလျှင်အလျင်အမြန်ထ၍အထံတော်သို့သွားလေ၏။ ထိုအချိန်၌သခင်ယေရှုသည်ရွာထဲသို့ရောက်မလာသေးပဲ၊ မာဿကကိုယ်တော်ကိုတွေ့ဆုံသောအရပ်၌ပင်ရှိနေဆဲဖြစ်၏။ ထို့ကြောင့်မာရိယာနှင့်အတူအိမ်တွင်ရှိနေပြီးသူမကိုအားပေးနှစ်သိမ့်ပြောဆိုနေကြသောဂျူးလူမျိုးတို့ သည်မာရိယာအလျင်အမြန်ထ၍ထွက်သွားသည်ကိုမြင်ကြသောအခါ၊ သူမသည်ငိုကြွေးရန်သင်္ချိုင်းသို့ထွက်သွားသည်ဟုထင်မှတ်ကြ ပြီးနောက်သို့လိုက်ကြလေ၏။ မာရိယာသည်သခင်ယေရှုရှိတော်မူသောနေရာသို့ရောက်၍ကိုယ်တော့်ကိုမြင်လျှင်၊ ခြေတော်ရင်း၌ပျပ်ဝပ်လျက်၊ သခင်ဘုရား၊ကိုယ်တော်သည်ဤနေရာမှာရှိတော်မူခဲ့ပါလျှင်တပည့်တော်မ၏မောင်သည်သေရလိမ့်မည်မဟုတ်ပါဟုလျှောက်ထားလေ၏။ သခင်ယေရှုသည် မာရိယာငိုကြွေးနေသည်ကိုလည်းကောင်း၊သူမနှင့်အတူပါလာသောဂျူးလူမျိုးများငိုကြွေးနေကြသည်ကိုလည်းကောင်း တွေ့မြင်တော်မူလျှင်၊အလွန်စိတ်လှုပ်ရှား၍စိတ်သောကရောက်တော်မူ၏။ ကိုယ်တော်ကသူ၏အလောင်းကိုအဘယ်မှာထားကြသနည်းဟုမေးတော်မူလျှင်သူတို့ကသခင်ဘုရား၊လာရောက်၍ကြည့်ရှုတော်မူပါဟုလျှောက်ထားကြ၏၊ သခင်ယေရှုသည်မျက်ရည်ကျတော်မူ၏။ထို့အခါဂျူးလူမျိုးတို့က၊ကိုယ်တော်သည်လာဇရုအားဤမျှလောက် ချစ်သည်ကို ကြည့်ကြလော့ဟုပြောဆိုကြ၏။သို့သော်သူတို့တွင် အချို့ကမျက်မမြင်၏မျက်စိများကိုပြန်မြင်စေခဲ့သောဤသူသည်လာဇရုကိုသေခြင်းမှတားဆီးရန်မတတ်နိုင်ပါသလောဟုဆိုကြ၏။

တဖန်သခင်ယေရှုသည်အလွန်စိတ်မသာမယာဖြစ်လျှက်သင်္ချိုင်းသို့ကြွသွားတော်မူ၏။သင်္ချိုင်းတွင်း သည်ကားကျောက်လိုဏ်ဂူဖြစ်ပြီး၊ ကျောက်တုံးတစ်တုံးနှင့်ပိတ်ထားလျှက်ရှိ၏။ သခင်ယေရှုကကျောက်တုံးကိုရွှေ့လိုက်ကြလော့ဟုမိန့်တော်မူ၏။ထိုအခါသူ၏အစ်မမာဿကသခင်ဘုရားယခုအချိန်ဆိုလျှင်အနံ့ထွက်နေပါလိမ့်မည်။အကြောင်းမူကားသူသေဆုံးသည်မှာလေးရက်ရှိပါပြီဟုလျှောက်ထားလေ၏။သခင်ယေရှုကသင်ယုံကြည်လျှင်ဘုရားသခင်၏ဘုန်းဂုဏ်တော်ကိုမြင်ရမည့်အကြောင်းသင့်အားငါဆိုခဲ့ပြီမဟုတ်လောဟုမိန့်တော်မူ၏။ ထို့ကြောင့် သူတို့သည်လည်းကျောက်တုံးကိုရွှေ့လိုက်ကြ၏။သခင်ယေရှုသည် အထက်သို့မျှော်ကြည့်လျှက်အိုအဖ၊ ကျွန်ုပ်အားနားညောင်းတော်မူသောကြောင့်ကိုယ်တော်အားကျေးဇူးတင်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်ကို အစဉ်အမြဲနားညောင်းတော်မူကြောင်းကျွန်ုပ်သိပါ၏။သို့သော် ကိုယ်တော်သည် ကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းကိုဤနေရာတွင်ရပ်နေကြသောသူတို့ယုံကြည်လာကြစေရန်ဤသို့တောင်းလျှောက်ခြင်းဖြစ်ပါ၏ဟူ၍မြွက်ဆိုတော်မူ၏။ဤသို့မြွက်ဆိုတော်မူပြီးနောက်ကိုယ်တော်ကလာဇရုထွက်ခဲ့လော့ဟုကျယ်လောင်သောအသံနှင့်ခေါ်တော်မူ၏။သေလွန်သူသည်မိမိခြေနှင့်လက်တို့တွင်ပိတ်စများဖြင့်စည်းထားလျှက်မျက်နှာတွင်လည်းအဝတ်နှင့်ပတ်ရစ်ထားလျက်ပင်ထွက်လာလေ၏။သခင်

ယေရှုးကလည်းသူ့ကိုဖြည်လွှတ်ပေးကြလောဟုသူတို့အားမိန့်တော်မူ၏။ထို့ကြောင့်မာရိယာနှင့်အတူလိုက်လာခဲ့ကြသော ဂျူး လူမျိုးတို့သည်သခင်ယေရှုးပြုတော်မူသောအမှုတို့ကို မြင်ကြရ၍ကိုယ်တော်ကိုယုံကြည်ကြ၏။